တံခွန်တိုင်
စာပေတိုက်



မှုန်းထားထား (ဆေးတက္ကသိုလ်)

# အနီရောင်ပုလဲတစ်ကုံး

design & art by aung kyaw@2017

"ကျွန်မသာ ...

ပုလဲတစ်ကုံး ဖြစ်ခွင့်ရမယ်ဆိုရင် ...

အဖြူရောင်ပုလဲတစ်ကုံးတော့ မဖြစ်ချင်ဘူး ...

ဘာလို့ လဲလို့ မေးရင် ...

ဖြူစင်အပြစ်ကင်းတဲ့ အဖြူရောင်ကို

ကျွန်မရဲ့ ဘဝနဲ့ နှိုင်းယှဉ်လို့ မရနိုင်လို့ ပေါ့ ...။

အဲဒီတော့ ...

ကျွန်မက အနီရောင်ပုလဲတစ်ကုံးသာ ဖြစ်ချင်မိတယ်။

ဘာလို့ လဲဆိုတော့ ...

အနီရောင်ဟာ

ကျွန်မကို ကိုယ်စားပြုတဲ့ ...

ကျွန်မရဲ့ သင်္ကေတ ဖြစ်နေလို့ ပေါ့ ...။

ကျွန်မက ...

ရဲရင့်တဲ့ ... ဖောက်ထွက်ထင်ရှားတဲ့ ... အများ နဲ့ မတူတဲ့

အနီရောင်ပုလဲတစ်ကုံး ဖြစ်ချင်မိတယ်ရှင် ..."

"ပန်းနီနီတျာ"

... ကျေးဇူးတရားဆိုသည့် မှာ ...

အထပ်ထပ် တုပ်နှောင်တတ်သော

သံဆူးကြိုးတွေများ လားဟင် ...။

ရင်တွေလည်း နာလှပြီ ..

ဒဏ်ရာတို့ လည်း သွေးအစက်စက် ယိုစိမ့်ခဲ့ပြီ ...။

မျှော်လင့်ချက်တို့ ဖြင့် ဇောကပ်လှူပ်ခတ်ခဲ့ချိန်က ...

အားကိုးတကြီး ပုံအပ်ခဲ့မိသည့်

နှလုံးသားနုနုကလေးက ...

ဦးကို ဘယ်တုန်းကမှ မချစ်ခဲ့ဘူး ... ဆိုသောစကားမျိုး ...

ခုလိုအချိန်မျိုးမှာ မှ ဆိုမိလျှင် ...

ကျွန်မ ရက်စက်သည့် ဟု အပြစ်ဆိုကြမှာ လား ...။

တကယ်တော့ ...

ကျွန်မက အနှောင်အဖွဲ့ဆီကနေ

လွတ်မြောက်ချင်ခဲ့သူပါလေ ...

ပျံနိုင်သမျှ ...

ဟိုးအမြင့်ဆုံး ကောင်းကင်ကျယ်ပြာပြာထဲ

လေဟုန်ခွင်းလို့ ထိုးဖောက်ထွက်ချင်သူကို

လွတ်မြောက်ခွင့်တော့ ပေးပါ ဦးရယ် ...။ ။

**"ပန်းနီနီတျာ"**

(၁)

ဘဝမှာ ဘယ်အချိန်ပဲ ပြန်တွေးတွေး၊ အဲဒီအချိန်မှာ ကြေကွဲနာကျင် ဆုတ်နစ်နေမိသည် ဆိုလျှင်တောင် ပင့်သက်တစ်ရှိုက်နှင့်အတူ ပြုံးမိစေသော အမှတ်တရ နေ့ရက်ကလေးများ ဆိုသည် မှာ လူတိုင်းတွင် ရှိကြလိမ့်မည်။ နီတျာ့အတွက်တော့ အဲဒီအချိန်ဟာ ဆယ်ကျော်သက်အရွယ် သူငယ်ချင်းသုံးယောက် ခိုးကြောင်ခိုးဝှက် ဆုံမိကြသောအချိန်သည် အပျော်ရွှင်ရဆုံး၊ မမေ့နိုင်ဆုံး သော အချိန်ပင်တည်း။

ထိုညတွင် ကောင်းကင်ပြာကြီးသည် ဟိုမှာ သည် မှာ လင်းပွင့်ဖြန့်ကြဲထားသော စိန်ပွင့် ကလေးတွေလို လှပသည့်ကြယ်ပွင့်ကလေးတွေ ဟိုတစ်စု၊ ဒီတစ်စု စုဝေးလျက် ... မော့ငေး နေချင်စရာ လှပလွန်းသည် ။ ညချမ်း၏ လေပြည်အေးကလေးက ဆယ်ကျော်သက်မိန်းကလေး တွေ၏ နုနယ်သန့်စင်လှသော ပကတိအဖြူထည်သက်သက် နှလုံးသားကလေးတွေကို လတ်ဆတ် သန့်စင်စေသည် ။ "ပန်းနီနီတျာ ... သက်ဝေမိုးမြင့် ... ပွင့်လွှာရုံ"ဆိုသော အသက်ဆယ့်ခြောက်နှစ် ကျော်ကျော် ... ကလေးမ,ကလေး သုံးဦး၏ အဖြူရောင်ညကလေးတစ်ည ဖြစ်သည် ။ သက်ဝေက သူ့အမေတစ်ပတ်စာဝယ်ထားသော ဖရီဇာထဲရှိ ကြက်သားထုပ်ကို အလစ်သုတ်လာခဲ့သည် ။ နီတျာက ဆီပုလင်း၊ ရေတပ်သီးမှုန့်၊ ဆားနှင့် ထမင်းချက်ဖို့ ဆန်ကို တာဝန်ယူ၏ ...။ ပွင့်လွှာက သူ့အမေ အရိပ်တကြည့်ကြည့်ရှိသော ခြံ

နောက်က ဘူးသီးနုနုကို အလုံးလိုက်ဆွတ်လာခဲ့သည် ။

ဆုံကြသည် က နီတျာ့ရဲ့ အိမ်ဝန်းကလေးထဲရှိ ထောင့်တစ်ထောင့်မှာ ဖြစ်သည် ။ အမေက ခပ်စောစော အိပ်ရာဝင်လေ့ရှိသည် မို့ ပူစရာမလိုပါ။ မီးဖိုချောင်ထဲရှိ ဂက်(စ်)မီးဖိုအသေးစား ကလေးကို သွား၍ မ,ယူခဲ့သည် ။

"ကြက်ကာလသမီးချက်ပေ့ါဟယ် ... ဟိ ဟိ။ ဒီလိုခိုးစားရတာမျိုးက အရသာရှိတာ။ ကဲ ... ချက်ကြစို့။ နီတျာ ချက်။ နင်က ဟင်းချက်ကောင်း တယ်။ ဘာလေးပဲချက်ချက် ကောင်းနေတာပဲ ... အသုပ်သုပ်လည်း ကောင်းတာပဲ ..."

"အေးပါ၊ နင်တို့ ငါ့ကိုပဲမြှောက်မြှောက်ပြီး ခိုင်းကြ ... ဟုတ်လား"

နီတျာက ကြက်သားကလေးတွေကို အတုံးသေးသေးလေးတွေတုံးပြီး ဆား၊ နနွင်းဝင်အောင် ဆုပ်ပြီးနယ်သ ည် ။ မြေအိုးထဲမှာ ကြက်သားတုံးကလေးတွေ၊ စပါးလင်ကို အထုံးက လေးဖြစ်အောင် ထုံးပြီးထည့်၊ ငရုတ်သီးအစိမ်းမှုန့်ထည့်၊ ကြက်သွန်နီ၊ အဖြူကိုညက်အောင် ထောင်းပြီးထည့်ကာ လုံးချက်ကလေး တည်ထား လိုက်သည် ။ သက်ဝေက လက်ဖက်သုပ်ဖို့ လိုအပ်သမျှ ပါဝင်ပစ္စည်းတွေ ကိုလည်း ဇလုံကြီးတစ်ခုဖြင့် ထည့်ယူလာသေးသည် ဖြစ်ရာ၊ ဒီညအဖို့ တော့ တစ်လုံးမအိပ်ဘဲ ရုပ်ရှင် ကားတွေ ထိုင်ကြည့်ဖို့ အတွက် ရိက္ခာအ လုံအလောက်ပင်။

"နီတျာ ... ပြောလို့ ပြောတာ မဟုတ်ဘူး နော်၊ နင် တော်တော်လှ တာ သိလား ..."

"အံမယ် ... နင်ပဲပြော သက်ဝေ။ ငါ့ကို ဘာညာခိုင်းဦးမလဲ ... ပြော"

"တကယ်ပြောတာ။ နင်သာ ဆေးကျောင်းရောက်ရင် ကွင်းဖြစ်မှာ အသေအချာပဲ။ လောင်းမလားပြော ... ဘာကြေးလောင်းမလဲ ..."

"မလောင်းပေါင်။ ငါလည်း သိသားပဲ ..."

နီတျာက ကိုယ့်ကိုယ်ကိုယ် ယုံကြည်မှုအပြည့်ဖြင့် တမင်သက်သက် ခေါင်းကိုပင် မော့လိုက် ကာ ပြောပြီးရယ်မောလိုက်သည် ။ ဆယ်ကျော်သက်ကလေးတွေ၏ ရယ်မောသံကလေးတွေ စည်ဝေ သွားခဲ့သည် ။ သူငယ်ချင်းနှစ်ယောက်က နီတျာ့ကို ခပ်ငေးငေးကလေး ကြည့်ကြသည် ။ နီတျာ့ မျက်ဝန်းထဲက ရွှန်းမြမြဖျိုးဖျပ်တောက်ပလျက်ရှိသော မျှော်လင့်ချက်ရောင်ခြည်များကို သူတို့ မြင်ကြ လိမ့်မည်။ ဘဝကို ဘယ်တုန်းကမှ အရှုံးမပေးခဲ့သော၊ အမြဲထာဝစဉ် တက်ကြွလန်းဆန်း ထက်သန် နေတတ်သော နီတျာ့ကို သူငယ်ချင်းနှစ်ယောက်က ချစ်လည်း ချစ်သလို၊ အထင်လည်း ကြီးတတ် ကြသည် ။ မျှော်လင့်ချက် မြင့်မြင့်မားမားထားတတ်သော၊ ရည်ရွယ်ချက်လည်း မြင့်မားလွန်းသော နီတျာ့ကို ထက်မြက်သော မိန်းမတစ်ယောက်သဖွယ် စံထားအားကျတတ်ကြသေးသည် ။

"နီတျာ ... နင်က ဆယ်တန်းကို ဂုဏ်ထူးခြောက်ဘာသာနဲ့ အောင်လို့ ငါတို့ ကို ကြက်ကာလ သမီးဟင်းချက်ကျွေးတာများ ငါက ကြက်စိုက် ... ပွင့်က ဘူးသီးစိုက်နဲ့ နင်တော်တော် အကုန်အကျ များမှာ ပဲနော်"

သက်ဝေက ခပ်ရွဲ့ရွဲ့ကလေး ပြောသဖြင့် ရယ်မောကြပြန်သည် ။

"အံမယ် ... ငါကချက်ပေးရတယ်လေ။ ပြီးရင် နင်တို့ ကို ညလုံးပေါက် ရုပ်ရှင်ပြရဦးမှာ ၊ romance နဲ့ drama ဇာတ်လမ်းကောင်းလေးတွေ ငါငှားထားရသေးတယ်လေ"

"အေးပါ ... အေးပါ။ ကျေးဇူးတင်ပါတယ်အေ ... ဟွန်း"

"ငါကနင်တို့ ကို ဆိုင်မှာ လိုက်ကျွေးချင်တာပေါ့အေ။ ဒါပေမဲ့ ငါဆေးကျောင်းတက်ဖို့ အတွက် ငါ့စရိတ် ငါ့ဘာသာရှာပြီးစုရမှာ လေ။ အမေ့ကို ဝန်မပိစေချင်ဘူး။ သူခါးချည့်အောင် စက်ချုပ်ပြီး ငါ့ကျောင်းစရိတ်ထောက်မှာ ကို မယူရက်ဘူး။ အခု အိမ်တွေလိုက်ပြီး ကျူရှင်ပြပေးဖို့ ပြောထားတာ နှစ်အိမ်ရှိတယ်။ ပြီးတော့ ဆယ်တန်းဂိုက်(ဒ်) (guide) လုပ်ပေးဖို့ ပြောထားတာလေးတွေရှိတယ်။ အဲဒီဝင်ငွေတွေစုပြီး ငါဆေးကျောင်းတက်ရမှာ လေ"

"နင့်ရဲ့ စိတ်ကိုတော့ ငါတကယ်ချီးကျူးတယ် နီတျာရယ်။ နင်တကယ်တော်တာပါ။ ဒီအရွယ်နဲ့ နင်က နင့်အိပ်မက်ကိုထုဆစ်ဖို့ အားမာန်အပြည့်နဲ့ တက်တက်ကြွကြွ ကြိုးစားနေချိန်မှာ ငါတို့ က မိဘဆီမှာ လက်ဖြန့်မုန့်ဖိုးတောင်းပြီး မိဘပိုက်ဆံနဲ့ ကျောင်းတက်ရမှာ ရှက်တော့ရှက်စရာ ..."

"နင်တို့ ဘဝက ငါ့လောက်မှ မခက်ခဲတာ သက်ဝေရဲ့ ။ ငါ့မှာ က အမေတစ်ခု သမီးတစ်ခုလေ။ အဖေက ငါနဲ့ အမေ့ကို ငါငယ်ငယ်ကလေးကတည်းက စွန့်ပစ်သွားခဲ့တာ။ ပြန်တွေးတိုင်း ငါအဖေ့ကို စိတ်နာတယ်။ အဲဒီစိတ်အနာနဲ့ ငါပိုကြိုးစားချင်တယ်။ တစ်နေ့မှာ ငါအောင်မြင်တဲ့ မိန်းမတစ်ယောက် သိပ်ဖြစ်ချင်တယ်။ ဆရာဝန်ဖြစ်အောင် ငါကြိုးစားမယ်၊ ဒီလိုဘဝမျိုးမှာ ငါကြိုးစားမှ ဖြစ်မယ်ဆိုတဲ့ တွန်းအားက ငါ့ကိုအမြဲဖိစီးထားတယ်။ နီတျာဆိုတဲ့ မိန်းကလေးက အများ ထဲက တစ်ယောက်လို သာမန်လူတစ်ယောက် ဖြစ်ချင်ခဲ့တာ မဟုတ်ဘူး လေ။ ဘဝရဲ့ ပြဇာတ်ထဲမှာ ပန်းနီနီတျာက အဓိက ဇာတ်ကောင်တစ်ယောက် ဖြစ်ချင်တာ။ လူတွေရဲ့ အထင်ကြီးလေးစားခံရတဲ့ ဘဝ၊ ချစ်ခင် အားကျ ခံရတဲ့ ဘဝ၊ အောင်မြင်ကျော်ကြားတဲ့ ဘဝကို ငါပိုင်ဆိုင်ချင်တာဟဲ့"

ထုံးစံအတိုင်း နီတျာ့စကားကို သူငယ်ချင်းနှစ်ယောက်က ပါးစပ်အဟောင်းသား၊ မျက်လုံး ဝိုင်းကလေးတွေ တလက်လက်ဖြင့် အားကျငေးမောကာ နားထောင်တတ်ကြသည် ။ ခေတ်စကားနဲ့ ပြောရရင်တော့ နီတျာသည် ဆရာမကြီးပေ့ါ ...။

ခဏနေလျှင်တော့ စပါးလင်နံ့သင်းသော ကြက်သားဟင်းရနံ့ကလေးသည် ခြံဝင်းထဲမှာ မွှေးပျံ့၍ လာသည် ။ ဘူးသီးနုနုကလေးတွေကို ကြက်သားဟင်းရည်ထဲ ပေါလောမျောအောင် ထည့်လိုက်သည် ။ ငါးပိထောင်းစပ်စပ်ကလေးနှင့် တွဲဖက်စားလိုက်ရလျှင် ကောင်းလိုက်မည့် ဖြစ်ခြင်း။

"လိုလိုမည်မည် ... အမေထောင်းထားတဲ့ ငါးပိထောင်းဘူးလေး ဆွဲလာခဲ့တယ် သိလား ... ဟိ ဟိ"

ပွင့်လွှာက နီတျာ့ စိတ်အဆာကိုရိပ်မိပုံနှင့် ငါးပိထောင်းဘူးကလေး ထုတ်ပေးသည် ။ ကြက်သားဘူးသီး၊ ငါးပိထောင်းစပ်စပ်ကလေးသည် မ ကြ ၁ခ င်မ ၂၁ အဆင်သင့်ဖြစ်ပြီ။ ငှက်ပျောရွက် တွေကို ရေစင်စင်ဆေးပြီး၊ ငှက်ပျောရွက်ထဲမှာ ထမင်းပူပူကလေးပုံကာ၊ အပေါ်က ကြက်ဘူး ဟင်းရည်ကျဲကလေးဆမ်းပြီးသကာလ၊ ငါးပိထောင်းစပ်စပ်ကလေးမြှုပ်ကာ ရှူးရှဲ ရှူးရှဲ အော်မြည် လျက် ...

အားပါးတရ လက်နှင့်ပင် လွေးကြသည် ။ ပြီးတော့ တစ်ယောက်မျက်နှာ တစ်ယောက် ကြည့်ကာ ပြုံးရယ်မိကြသည် ။ တစ်သက်မမေ့စရာ အရသာရှိလိုက်သည့်ဖြစ်ခြင်း။ နောင် ဘယ်အချိန် ပြန်တွေးတွေး ဒီညကလေးကို နီတျာတို့ အမြဲအမှတ်ရနေကြတော့မည်။

အားပါးတရ စားသောက်ပြီးချိန်တွင် သက်ဝေက ...

"နီတျာ ... သီချင်းဆိုပြပါယ် ... သွား ဂီတာသွားယူ။ နင့်အသံ

အရမ်းကောင်းတယ်၊ ပရော်ဖက်ရှင်နယ်တစ်ယောက်လိုပဲ။ နင် အဆိုတော်လုပ်စားလို့ ရတယ် သိလား"

ဟု ဆိုပြန်သည် ။ သီချင်းဆိုဖို့ အတွက် ဆိုလျှင်တော့ နီတျာ့ကို နှစ်ခါမခိုင်းရချေ။ အိမ်ထဲသို့ သုတ်ခနဲ ပြေးဝင်ကာ မက်မက်မောမော ပိုက်ဆံစုကာ အပဟောင်းပြန်ဝယ်ထားခဲ့သော ဂီတာအို ကလေးကို သွားယူလာခဲ့၏။ ဘာသိလို့ လဲ ... ဂီတာဆိုတာ အိုလေ ကောင်းလေပဲလေ။ နေ့တိုင်းလိုလို ပင် ဂီတာတီးခတ်နေကျမို့ ဂီတာကြိုးပင် ညှိစရာမလို။ နီတျာ့အသည်းစွဲအဆိုတော် Ellie Goulding ၏ I need your love ဆိုသောသီချင်းကလေးကို ဂီတာတီးကာ ဆိုပြရသည် ။ နီတျာသည် သီချင်းတွေကို ချစ်လှသည် ။ စာတော်သလို သီချင်းကလေး ဆိုနေရလျှင် ဘဝအမောတွေ၊ မပြည့်စုံမှု၊ မလုံခြုံမှုတွေကို မေ့မေ့ဖျောက်ဖျောက် ရှိစေသည် ။ ဂီတာတီးရတာကိုလည်း နှစ်သက်ပြန်သည် ။ ဂီတာတီးတတ်တာကတော့ ယောကျာ်းလေးသူငယ်ချင်းဆီကနေ သင်ယူတတ်မြောက်ခဲ့သည် ။ ဉာဏ်ကောင်းသူမို့ ခဏလေးနှင့် တတ်မြောက်သည် ။ အမြဲလေ့ကျင့်တီးခတ်နေပြန်တော့လည်း ကျွမ်းကျင်လာခဲ့သည် ပင်။ နီတျာ့အသံက Ellie Goulding အသံနှင့် ဆင်လှသည် ။ ကိုယ့်ဘာသာ လည်း သိသည် မို့ တူအောင်ပင် တမင်လေ့ကျင့်ယူထားခဲ့သည် ။ တစ်ချိန်မှာ အောင်မြင်သော အဆိုတော်ဘဝကိုလည်း ခမ်းခမ်းနားနား အိပ်မက်ထားသည် မဟုတ်လား။ အဲဒီတော့ အမြဲတမ်း လေ့ကျင့်နေရတာကို စိန်ခေါ်မှုတစ်ခုလိုမြင်သည် ။ ဖြစ်ချင်တာတွေ များ လှသဖြင့် နီတျာ့ကို လောဘ ကြီးသူဟု ဆိုလေမလား။

ညက တိတ်ဆိတ် လာပြီ။ လမ်းမဘက်တွင် ဖြတ်သွားဖြတ်လာ လူရယ်လို့ ပင် မရှိတော့။ လေပြည်က ပို၍ အေးမြလာသည် ။ ကောင်းကင်ကို မော့ကြည့်လျှင်တော့ နက်ပြာရောင် မိုးကောင်းကင်ကြီးက စိန်ပွင့်ခ

က်ကလေးတွေ ခြံရုံလျှက် နီတျာတို့ ကို ဣန္ဒြေကြီးစွာဖြင့် ငုံ့ကြည့်လို့ နေသည် ။ နီတျာသည် လွတ်လပ်သော ငှက်ကလေးတစ်ကောင်အဖြစ် အဲဒီကောင်းကင်ပြာကြီး ထက်ဆီ တစ်ဟု နိ်ထိုး လေဟု နိ်ခွင်း၍ ပျံသန်းခွင့် ရချင်ပြန်သည် ။ နီတျာ့ အတောင်ပံများကို ဘယ်အရာကမှ နှောင်ဖွဲ့မထားစေရ။ နှောင်ဖွဲ့ထားခွင့် မပြုနိုင်။ ဒီအတောင်ပံတွေမှာ လွတ်လပ်သော၊ အားအင်ပြည့်သော နုပျိုသန်စွမ်းခြင်းတို့ ရှိမည်။ ယောနသံဇင်ယော်စာအုပ်သည် နီတျာ့ဘဝကို ခွန်အားများ စွာ ပေးခဲ့သည် ။ နီတျာသည် သာမန်ငှက်များ နှင့် မတူသော ... ထူးခြားထိုးဖောက်သော အမြင့်ပျံငှက်တစ်ကောင်၏ ဘဝကို အားကျအတုယူသည် ။ ဒီအတောင်တွေ မတော်တဆ အချိုးခံ ရမှာ ချုပ်နှောင်ခံရမှာ ကိုဖြင့် သိပ်စိုးလှသည် ။ သည် လိုနှင့် သူငယ်ချင်းတွေကို သီချင်းတွေ တစ်ပုဒ်ပြီးတစ်ပုဒ် မနားတမ်း ဆိုပြရင်း ညဥ့်နက်လာခဲ့ပြီ။

"အိမ်ထဲဝင်စို့ ... ရုပ်ရှင်ကြည့်ကြမယ်၊ ဒီတစ်ခါ လက်ဖက်သုပ်အလှည့် ... ချဉ်ငန်စပ် လေးနော် ..."

ဇလုံကြီးထဲမှာ လက်ဖက်တွေ အားပါးတရနယ်ဖတ်ကာ ငှားထားသော DVD အခွေတွေ ထည့်ပြီး ... ဧည့်ခန်းမှာ အိပ်ပြီး ကြည့်ကြပြန်သည် ။ ဒီညသည် ဆယ်တန်းကို ခြောက်ဘာသာ ဂုဏ်ထူးဖြင့် အောင်မြင်သော နီတျာ့၏ အောင်ပွဲခံသောညဟု ပြောရမည်။ အမေက နီတျာ့ကို စိတ်ကြိုက်ပျော်ခွင့် ပေးထားခဲ့သည် လေ။ ဘဝရဲ့ အရေးကြီးသော တစ်ဆစ်ချိုးကို နီတျာ လှပစွာ ချိုးကွေ့မောင်းနှင်နိုင်ခဲ့ပြီ။ ရှေ့ဆက်ရမည့် ဘဝခရီးလမ်းကို မှန်းဆကြည့်လိုက်လျှင်ဖြင့် နီတျာ့ မျှော်လင့်ချက်တို့ ရှင်သန်နိုးကြားလာရစမြဲ။ ရင်တထိတ်ထိတ်ခုန်ကာ နှလုံးသွေးတို့ မြန်ဆန်လာ တတ်စမြဲ။

ပွင့်ပွင့်လင်းလင်း ပြောပြရလျှင် နီတျာသည် အလှမက်သော၊ အကောင်းကြိုက်သော၊ အောင်မြင်ချင်စိတ် အားကြီးသော၊ အဆင့်အတန်းမြင့်မြင့်၊ ချမ်းချမ်းသာသာ နေလိုသော သွေးနားထင်ရောက်တတ်သည့် မိန်းမစားမျိုးဖြစ်သည် ။ ဖြစ်အောင်လည်း လုပ်မည်ဟူသော ကိုယ့်ကိုယ်ကိုယ် ယုံကြည်စိတ်လည်း နှလုံးအိမ်မှာ ကိန်းဝပ်၏။ ကိုယ့်ကိုယ်ကိုယ် သတ္တိရှိသည် ၊ ရဲရင့်သည် ဟု ယူဆသည် ။ ပြီးတော့ ထက်မြက်သော မိန်းမလှကလေးဟု ပြန်မြင်သည် ။ ပတ်ဝန်းကျင်ကလည်း နီတျာ့ကို အဲဒီလိုပဲ မြင်ကြတာမဟုတ်လား။ တစ်နေ့တော့ နီတျာသည် အောင်မြင်ကျော်ကြားသော မိန်းကလေးတစ်ယောက် ဖြစ်စေရမည်။

***

(၂)

ကျောင်းကအပြန်ဆို အိမ်သို့ တန်းမတ်စွာ ပြန်လို့ မရဘဲ ဆယ်တန်းကျောင်းသားလေး တစ်ယောက်နှင့် ကျောင်းသူလေးတစ်ယောက်အိမ်မှာ ဂိုက်(ဒ်)(guide)ဝင်လုပ်၊ စာပြပေး၊ စာအတူ ကျက်ပေးပြီးမှ အိမ်ပြန်ရသည် ဖြစ်ရာ နီတျာ့၏ အိမ်ပြန်ချိန်သည် နေ့တိုင်းလိုလိုပင် မိုးချုပ်တတ်မြဲ ပင်။ ဗိုက်ကလည်း ဆာလိုက်သည်မှာ တကြုတ်ကြုတ်ပင်မြည်လို့ ။ မှောင်နေပြီဖြစ်သော်လည်း တက္ကစီစီးလျှင် ပိုက်ဆံကုန်မှာ စိုးသောကြောင့် ဘတ်(စ်)ကားကျပ်ကျပ်ကိုသာ တိုးစီးရသည် ။ ထိုဘဝကို နီတျာမုန်းလှသည် ။ ဘတ်(စ်)ကား မစီးချင်သော်လည်း နီတျာ့ဘဝက မစီးချင်လို့ မရ။

အခုတော့ နီတျာဆေးကျောင်းပထမနှစ်စတက်လို့ နေပြီ။ အားလုံးမျှော်လင့်ထားသည့်အတိုင်း နီတျာ့ကို ဖရက်ရှာကွင်းအဖြစ်သတ်မှတ်လိုက်ကြသည် ။ ခါးထိရှည်သော ဆံပင်ရှည်ထူထူဖွာဖွာများ ဘောင်ခတ်ထားသော ... မျက်ခုံးထူထူ၊ မျက်လုံးနက်နက်စူးစူးနှင့် ထူထူပြည့်ပြည့်နှုတ်ခမ်းပိုင်ရှင် နီတျာသည် ဆေးကျောင်းသူတွေကြားထဲမှာ တော့ ထူးခြားထင်ရှားစွာ ပေါ်လွင်နေခဲ့လိမ့်မည်။ နီတျာသည် ကိုယ်ခန္ဓာအလှကို ကျစ်လျစ်သွယ်လျ လှပအောင် ကစားထားသူဖြစ်ရာ ကိုယ့်ကိုယ် ကိုယ် ယုံကြည်စိတ်ချမှုအပြည့်ရှိသည် ။ လက်ပြတ်ခါးတိုအကျီကလေးတွေနှင့် ပုံကျလှပသော အသားပျော့ပျော့လုံ့ချည်ရှည်ရှည်ကို ဆင်မြန်းကာ

ဒေါက်မြင့်ဖိနပ်ထူထူစီးသည် ။ ဖက်ရှင်ကို စိတ်ဝင်စားလှသူဖြစ်ရာ မေမေ့ကို ကတ်တလောက်တွေပြပြီး လှလှပပချုပ်ခိုင်းရသည် ။ မေမေက လည်း ကြိုးစားပမ်းစားချုပ်ပေးခဲ့ပါသည် ။ နီတျာသည် အနီရောင်ကိုအ ဝတ်များ ၏။ အနီရောင်သည် နီတျာ့၏ ရဲရင့်ခြင်းကိုပြသော သင်္ကေတ လည်း ဖြစ်သည် ။ အဲဒီလို လှတပတ၊ ကြော့ကြော့မော့မော့ လူတကာ ငေးရအောင် လှပသော အလှအပတွေက ခုလိုညမိုးချုပ်မှ ကျူရှင်ပြပြီး အိမ်ပြန်ချိန်မှာ တော့ နီတျာ့အတွက် အန္တရာယ်ဖြစ်သွားတတ်သည် ။ ဘတ်(စ်)ကားပေါ်ကနေဆင်းပြီး အိမ်သို့ လျှောက်ရ သောလမ်းတွင် နီတျာ့ နောက်မှ ကောင်လေးတွေ အမြဲလိုက်ပါလာတတ်သည် ။ တချို့လည်း ကောင်းကောင်း မွန်မွန်၊ တချို့က နှောင့်ယှက်ဖို့ ကြိုးစားလျှင်တော့ နီတျာသည် ဒေါက်ဖိနပ်ထူထူကို ဆောင့်ခနဲ ချွတ်ပစ်ကာ ဖိနပ်ဖြင့်ရွယ် ရင်း ...

"နင် ... ငါ့ကို ဘယ်လိုမိန်းမများမှတ်နေသလဲ။ ငါဆေးကျောင်းသူ ဟဲ့။ မိကောင်းဖခင် သားသမီး ...။ ငါ့အသားကို ထိကြည့်လိုက်စမ်း ... နင့်မျက်လုံးထဲ ကြယ်တွေ လတွေပွင့်သွားမယ်။ မယုံရင် စမ်းကြည့်လိုက်။ မလုပ်ရဲဘူး မထင်နဲ့ "

အသံကျယ်ကျယ်၊ ခပ်စွာစွာဖြင့် အော်ပစ်လိုက်လျှင်တော့ တော်ရုံတန်ရုံငနဲဆို ဖြုံကာ ချာခနဲ လှည့်ထွက် ပြန်ပြေးတတ်သည် ။ ထိုအခါမျိုးမှာ နှုတ်ခမ်းကိုနာကျင်စေသည် အထိ ကိုက်မိရင်း မလုံခြုံသော ကိုယ့်ဘဝကို စိတ်ပျက်နာကြည်းရသည် ။ နီတျာတို့ သားအမိကို ရက်စက်စွာ ဥပေက္ခာပြု စွန့်ပစ်ရက်ခဲ့သော ဖခင်ဖြစ်သူကို စိတ်နာသည် ထက် နာချင်သည် ။ ငိုချင်စိတ်တော့ မဖြစ်ပါ။ နီတျာသည် ဘယ်တော့မှ မငိုတတ်သူဖြစ်သည် ။

အိမ်သို့ပြန်ရောက်လျှင်တော့ နီတျာသည် ခြေကုန်လက်ပန်းကျ နွမ်းလျကာ အမေ့ကို တိုင်တည်မိသည် ။ အမေက နီတျာပြန်လာချိန်မှန်းပြီး ထမင်းဟင်း ပူပူနွေးနွေးဖြစ်အောင် ပြင်ဆင် ထားတတ်သည် ။ ဆာလာသမျှ အားပါးတရလွေးရင်း အမေ့ကို တစ်နေ့တာ အတွေ့အကြုံတွေ ပြောပြရသည် မှာ မမောနိုင်ပါ။

"သမီးကို ဖရက်ရှာကွင်းပေးထားတယ်တဲ့ အမေရေ့။ ဟာဟ ... ဒီပုံစံကိုများ မြင်ရင် သူတို့ အံ့ဩမှာ ပဲ။ သမီးကိုလာပေါင်းတဲ့ သူငယ်ချင်းတွေအားလုံး ကိုယ်ပိုင်ကားတွေနဲ့ ပြန်ကြတယ် အမေ။ ကားကြီးကလည်း အမိုက်စားအကောင်းစားကြီးတွေ။ သူတို့ ဝတ်သမျှကလည်း အရမ်းတန်ဖိုး ကြီးတဲ့ အဝတ်အစားတွေနဲ့ အမေ။ ကိုင်တဲ့ အိတ်တွေကိုလည်း ကြည့် ... Chanel ကိုင်တဲ့ လူနဲ့ Gucci ကိုင်တဲ့ လူနဲ့ Dior တဲ့ ။ အမေ့သမီးက အပေါစားအိတ်နဲ့ ဘတ်(စ်)ကားတိုးစီးပြန်ရတာ ... ရှက်တော့ မရှက်ပေမယ့် သိမ်ငယ်သလိုတော့ ခံစားရတာပေါ့ အမေရယ်"

"ဆင်းရဲတာ ရှက်စရာ၊ သိမ်ငယ်စရာမှ မဟုတ်တာ နီတျာရယ်။ သမီးမှာ လှပတဲ့ ရုပ်ရည် ရှိတယ်၊ ထက်မြက်တဲ့ ဉာဏ်ပညာရှိတယ်။ မိန်းကလေးတစ်ယောက်ရဲ့ ဘဝမှာ တန်ဖိုးအကြီးဆုံး ဝတ်ရုံက ကိုယ်ကျင့်တရားပဲ သမီးရဲ့ ။ သမီးအတွက် အမေဘယ်လောက်ဂုဏ်ယူရတယ်မှတ်လဲ။ ငါ့သမီးက ဆေးကျောင်းကို သူ့ဘာသာသူ ကျူရှင်ပြ၊ ဂိုက်(ဒ်)လုပ်ပြီး ငွေရှာပြီး သူ့စရိတ်နဲ့ သူ တက်တာလို့ ပြောရတဲ့ အခါလောက် အမေ အရသာတွေ့တာ မရှိတော့ဘူး ... တကယ်။ တစ်ခါတလေတော့လည်း ကိုယ့်သမီးလေး လှလှပပကလေး မွေးထားပြီး ချမ်းချမ်းသာသာ၊ တင့်တင့်တယ်တယ် မထားပေးနိုင်တဲ့ အတွက် အမေ စိတ်မကောင်းဘူးပေါ့"

ထိုအခါမျိုးတွင် အမေ့မျက်နှာပေါ်တွင် အပြစ်မကင်းသူတစ်ယောက်လို ကြေကွဲဆို့နစ်ရိပ်ကို မြင်ရသည် ။ နီတျာ စိတ်မကောင်းနိုင်ပါ။ အမေသည် ခင်ပွန်းဖြစ်သူက စွန့်ပစ်ချန်ထားရစ်ခံခဲ့ရသော ... သမီးလေးတစ်ယောက်နှင့် ဘဝကို ရုန်းကန်တိုက်ပွဲဝင်နေရသော မိန်းမသားတစ်ယောက် ဖြစ်သည် ။ အမေ့မှာ မှ အပြစ်မရှိဘဲ။

"စိတ်မကောင်း ဘာမှ မဖြစ်နဲ့ အမေ။ သမီး ဖြစ်အောင်ကြိုးစားမယ် ။ ဆေးကျောင်းတက်ဖို့ ပိုက်ဆံကို ကိုယ့်ဘာသာရှာမယ်။ ဆရာဝန်ဖြစ်တဲ့ အထိ သမီးကြိုးစားမှာ ... ကြည့်။ သမီးအတွက် အမေ မပူနဲ့ ။ သမီး ဖြစ်အောင်လုပ်မှာ "

အမေ့ကို အားတက်စေသော စကားမျိုး နီတျာ ပြောရသည် ။ တကယ့်လက်တွေ့မှာ တော့ နီတျာသည် ဆေးကျောင်းသက်တမ်းတစ်ခုလုံးကို ကိုယ့်အားကိုယ်ကိုးပြီး ကျောင်းပြီးဆုံးသည့်တိုင် တက်မှ တက်နိုင်ပါ့မလားဟု တွေးမိသည့်အခါလည်း ရှိခဲ့သည် ။ အို ... ဘယ်လိုအနေအထားမျိုးပဲ ဖြစ်စေ ... ငါအရှုံးမပေးဘူးဟု ကိုယ့်ကိုယ်ကိုယ် အားပြန်တင်းရသည့်အခါလည်း ရှိသည် ။

"အမေ သိပါတယ်။ သမီးကိုယုံတာပေါ့ ... အားလည်း ကိုးပြီးသား။ အရှုံးမပေးပါနဲ့ သမီးရေ။ ဘဝဆိုတာ မပြည့်မစုံကြားက ရုန်းကန်ကြိုးစားနေရတာကမှ အဓိပ္ပာယ်ရှိတာ၊ တန်ဖိုးရှိ တာလေ ..."

အမေ့စကားက နီတျာ့စိတ်နှလုံးကို ခွန်အားဖြစ်စေသည် ။ အမေ့ရဲ့ ယုံကြည်အားကိုးမှုနှင့် ထိုက်တန်အောင် နီတျာအမြဲနေထိုင်ခဲ့သည် ။ နီတျာ လိမ္မာခဲ့သည် ။ နီတျာ့ကြောင့် အမေ့မှာ စိတ်မပူပန်စေရ၊ သောကမရောက်စေရ။ ဆယ်တန်းကို ဘာကျူရှင်မှ မယူဘဲ ခြောက်ဘာသာဂုဏ်ထူး ထွက်အောင် ကြိုးစားပြခဲ့တာပဲ ကြည့်။ ခုတော့ ဆေးကျောင်းရော

က်ခဲ့ပြီ။ ဒီခရီးလမ်းကို ဖြောင့်ဖြောင့်တန်းတန်းမှ ငါဆက်လျှောက်နိုင်ပ့ါ မလားဟူသော သံသယမေးခွန်းမျိုး ကိုယ့်ကိုယ် ကိုယ် မမေးမိအောင် ကြိုးစားခဲ့သည် ။ ဖြစ်ချင်သည် မှ လား။ ဖြစ်အောင်လုပ်ရမည်ပဲပေ့ါ။ ဘာကိုများ တွေးပူကြောင့်ကြနေစရာရှိပါလိမ့်။

နီတျာသည် ဆင်းရဲမှာ ကို ကြောက်ရွံ့သည် ။ ပညာမတတ်မှာ ၊ လူရာမဝင်မှာ ၊ မအောင်မြင် မှာ ကို သေရမှာ ထက်ပင် ကြောက်ရွံ့မိသေးသည် ။ ထို့ကြောင့်လည်း လူတကာထက် နှစ်ဆမက ပို၍ ကြိုးစားခဲ့ရပါသည် ။

***